# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်

## ညွှန်ကြားချက်အမှတ် ( ၆ /၂၀၂၁ )

အကြောင်းအရာ။ **ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ယာယီပြင်ဆင်လျှော့ချသတ်မှတ်ခြင်း**

ရည် ညွှန်း ချက်။
(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၉-၄-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၆/၂၀၂၀)
(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၂-၉-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၁၀/၂၀၂၀)
(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၆-၂-၂၀၂၁ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၂/၂၀၂၁)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် COVID-19 ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကိုအထောက်အကူဖြစ်စေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့် ဆက်သွယ်သူများ(Customers) အပ်ငွေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းထားရှိရာမှ ၃.၅ ရာခိုင်နှုန်းသို့ ရည်ညွှန်းချက်(၁)ပါစာဖြင့် (၃၀.၉.၂၀၂၀) ရက်နေ့အထိ ယာယီလျှော့ချသတ်မှတ်ပေးခဲ့ပါသည်။ ယာယီလျှော့ချသတ်မှတ်သည့်ကာလအား ရည်ညွှန်းချက်(၂)နှင့်(၃)တို့ပါ ညွှန်ကြားချက်များဖြင့် သက်တမ်းတိုးပေးခဲ့ရာ အကျုံးဝင်သည့်ကာလမှာ (၃၀.၉.၂၀၂၁) ရက်နေ့ အထိ ဖြစ်ပါသည်။

၂။ လက်ရှိဘဏ်များ၏ငွေကြေးလိုအပ်မှုအခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့်ဆက်သွယ်သူ များ(Customers) အပ်ငွေစုစုပေါင်း၏ ၃ ရာခိုင်နှုန်းထားရှိရန် ထပ်မံပြင်ဆင်လျှော့ချသတ်မှတ် လိုက်သည်။

၃။ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုး ပြင်ဆင်လျှော့ချမှုကာလသည် ထိန်းသိမ်းမှုကာလ (၂၈.၄.၂၀၂၁ ~ ၂၅.၅.၂၀၂၁) မှ (၁၅.၉.၂၀၂၁ ~ ၁၂.၁၀.၂၀၂၁) အထိ ဖြစ်ပါသည်။

၄။ ဘဏ်များအနေဖြင့် ထိန်းသိမ်းမှုကာလနောက်ဆုံးရက်တွင် မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုး ၃ ရာခိုင်နှုန်း ပြည့်မီမှုမရှိကြောင်း တွေ့ရှိရပါက အဆိုပါဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်များဖြစ်သည့် ဘဏ်၏ Digital Payment ဆောင်ရွက်မှုအခြေအနေ၊ CBM-Net အသုံးပြု၍ လွှဲပြောင်းမှုများ ဆောင်ရွက်မှုအခြေအနေ၊ Cheque Clearing ဆောင်ရွက်မှုအခြေအနေ၊ ဘဏ်အချင်းချင်း ဈေးကွက်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်လေလံပါဝင်ဆောင်ရွက်မှု အခြေအနေနှင့် နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသောမူဝါဒများတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေ တို့အပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၉.၉.၂၀၁၆) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၁၂/၂၀၁၆)ပါ ဒဏ်ကြေးသတ်မှတ်ချက်အား လျှော့ပေါ့စဉ်းစားပေးသွားမည်ဖြစ်သည်။

( ပုံ ) xxxxxxxxx

ဥက္ကဋ္ဌ(ကိုယ်စား)

( သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ